**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂၅ / ၂၀၁၈**
**၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်**
**( ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက် )**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကားရောင်းချခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လက်လီ၊ လက်ကားရောင်းချဖြန့်ဖြူးသူများအကြား မျှတသော ယှဉ်ပြိုင်မှုတိုးတက်စေခြင်းအားဖြင့် စားသုံးသူများအတွက် ဈေးနှုန်းလျော့ကျပြီး ရွေးချယ်ခွင့် ပိုမိုရရှိလာစေရန်လည်းကောင်း၊ ရောင်းချဖြန့်ဖြူးမှုလုပ်ငန်းများတွင် ကုန်ပစ္စည်းအရည်အသွေးနှင့်ဝန်ဆောင်မှုအရည်အသွေး၊ နည်းပညာများတိုးတက်စေရန်လည်းကောင်း၊ ပြည်တွင်းထုတ်ကုန်များဈေးကွက်ပိုမိုရရှိ၍ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း ရည်ရွယ်၍ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်း ဆောင်ရွက်သည့် ကုမ္ပဏီများအား ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ပြည်တွင်းတွင် လက်လီ၊ လက်ကားရောင်းချခွင့်ပြုလိုက်သည်။

၂။ လက်လီ၊ လက်ကားရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မည်သည့် မြန်မာနိုင်ငံသား အပြည့်အဝ ဆောင်ရွက်သည့်ကုမ္ပဏီ၊ နိုင်ငံခြားသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီမဆို ပူးတွဲပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်။

၃။ လက်လီ၊ လက်ကားရောင်းချခွင့် စည်းကမ်းချက်များအား လိုအပ်သလို ပြင်ဆင်သတ်မှတ်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ / ၂ - ၁၈ / ၂၀၁၈ ( ၅ )
ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်

\\172.16.129.34\d\Section (1)\Hluttaw Q & A, Think tank, Legal Team\WholeSaleRetai\Retail & Wholesale (8-5-2018).docx

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်

## လက်လီ/ လက်ကား ရောင်းချဖြန့်ဖြူးခွင့်ပြုသည့် စည်းကမ်းချက်

### အကျိုးအကြောင်းဖော်ပြချက်

၁။ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် နည်းပညာများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးတို့အတွက် ကုန်သွယ်မှုကဏ္ဍများကို ဖြေလျှော့မှုများဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စားသုံးသူများအတွက် ဈေးနှုန်းသက်သာခွင့်နှင့် ကုန်ပစ္စည်းအရည်အသွေးကို ရွေးချယ်နိုင်ခွင့် ပိုမိုရရှိရေးသာမက ဒေသတွင်းသဘောတူညီချက်များနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချသည့် ဝန်ဆောင်မှုလုပ်ငန်းများ၌ နိုင်ငံခြားသားများကိုလည်းပါဝင်ခွင့်ပြုရန် လိုအပ်လာပါသည်။ သို့ဖြစ်၍ စားသုံးသူပြည်သူလူထုအတွက် အကျိုးအမြတ်ဖြစ်ထွန်းနိုင်ပြီး ပြည်တွင်းအသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များလည်း ထိခိုက်မှုမရှိနိုင်သည့် အခြေအနေတစ်ရပ် ဖန်တီးနိုင်ရန်အတွက် နိုင်ငံခြားသားလုပ်ငန်းရှင်များအား ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ကုန်သွယ်မှုများအနက် လက်လီ/ လက်ကားရောင်းချခြင်းကို ခွင့်ပြုသွားမည်ဖြစ်ပါသည်။

### ရည်ရွယ်ချက်

၂။ ဤစည်းကမ်းချက်များသတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လက်လီ၊ လက်ကားရောင်းချဖြန့်ဖြူးသူများအကြား ယှဉ်ပြိုင်မှုတိုးတက်ခြင်းအားဖြင့် စားသုံးသူများအတွက် ဈေးနှုန်းလျော့ကျပြီး ရွေးချယ်ခွင့်ပိုမိုရရှိလာစေရန်၊

(ခ) ရောင်းချဖြန့်ဖြူးမှုလုပ်ငန်းများ၏ ပြည်တွင်းကုန်စည်နှင့် ဝန်ဆောင်မှုတွင် သွင်းအားစုများပံ့ပိုးခြင်းဖြင့် ကုန်ပစ္စည်းအရည်အသွေးနှင့် ပမာဏ၊ ဝန်ဆောင်မှုအရည်အသွေး၊ နည်းပညာများ တိုးတက်စေရန်၊

(ဂ) ပြည်တွင်းထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိ၍ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) စားသုံးသူများအပေါ် အမြတ်ထုတ်ပြီး ဖြန့်ဖြူးရောင်းချသူများအကြား မမျှတသောယှဉ်ပြိုင်မှုများ မရှိစေရေးအတွက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်စေရန်၊

(င) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်၊

(စ) နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန်။

**အဓိပ္ပာယ်ဖော်ပြချက်**

၃။ အဓိပ္ပာယ်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လက်လီရောင်းချခြင်းဆိုသည်မှာ တစ်ဆင့်ပြန်လည်ရောင်းချရန်အတွက် မဟုတ်ဘဲ စားသုံးရန်အတွက် ပမာဏအနည်းငယ်ဖြင့် ဝယ်ယူသော ပြည်သူများထံသို့ ကုန်စည်များ ရောင်းချခြင်းကို ဆိုသည်။

(ခ) လက်ကားရောင်းချခြင်းဆိုသည်မှာ လက်လီရောင်းချသူများကို လည်းကောင်း၊ ထုတ်လုပ်မှု လုပ်ငန်းတွင် အသုံးပြုသူများကိုလည်းကောင်း ပမာဏများပြားစွာဖြင့် ကုန်စည်များရောင်းချခြင်းကို ဆိုသည်။

**ရောင်းချခွင့်များ**

၄။ မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ၊ နိုင်ငံခြားသား အပြည့်အဝ ဆောင်ရွက်သည့် ကုမ္ပဏီနှင့် နိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစပ်ဆောင်ရွက်သည့် ကုမ္ပဏီများကို လက်လီ/ လက်ကား ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ခွင့်ပြုသွားမည် -

(က) ကန့်သတ် ပိတ်ပင်ထားသည့် ကုန်စည်မှအပ ပြည်တွင်းမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို လည်းကောင်း၊ ပြည်ပမှ တင်သွင်းသောကုန်ပစ္စည်းများကို လည်းကောင်း သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ လက်လီ/ လက်ကား ရောင်းချ ဖြန့်ဖြူးနိုင်သည်။

(ခ) တိုင်းဒေသကြီး/ ပြည်နယ်များရှိ မည်သည့်မြို့တွင်မဆို သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်သည်။

**သတ်မှတ်ချက်များ**

၅။ နိုင်ငံခြားသားအပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ၊ နိုင်ငံသားနှင့်နိုင်ငံခြားသားပေါင်းစပ် ဆောင်ရွက်သည့် ကုမ္ပဏီများသည် ပြည်တွင်း လက်လီ/ လက်ကားရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်ရာတွင် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(က) လက်လီ/လက်ကား ရောင်းချဖြန့်ဖြူးခြင်းကို နိုင်ငံခြားသားအပြည့်အဝ ဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီသည် -

(၁) လက်ကားရောင်းချခြင်းဖြစ်ပါက ရောင်းချမည့် ကုန်ပစ္စည်းအပေါ် ကနဦး ရင်းနှီးမြှုပ်နှံမှုငွေပမာဏသည် မြေငှားရမ်းခမပါ အမေရိကန်ဒေါ်လာ (၅) သန်းနှင့်အထက် ဖြစ်ရမည်။

(၂) လက်လီရောင်းချခြင်းဖြစ်ပါက ရောင်းချမည့်ကုန်ပစ္စည်းအပေါ် ကနဦး ရင်းနှီးမြှုပ်နှံမှုငွေပမာဏသည် မြေငှားရမ်းခမပါ အမေရိကန်ဒေါ်လာ (၃) သန်းနှင့်အထက် ဖြစ်ရမည်။

(ခ) နိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် စနစ်ဖြင့် လက်လီ/ လက်ကား ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်သည့် ကုမ္ပဏီသည် -

(၁) မြန်မာနိုင်ငံသား၏ တိုက်ရိုက်အစုရှယ်ယာပါဝင်မှုအချိုး (equity ratio) သည် (၂၀)ရာခိုင်နှုန်းနှင့်အထက်ဖြင့်ပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီ ဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(ကက) လက်ကားရောင်းချခြင်းဖြစ်ပါက ရောင်းချမည့်ကုန်ပစ္စည်းအပေါ် ကနဦးရင်းနှီးမြှုပ်နှံမှုငွေပမာဏသည် မြေငှားရမ်းခမပါ အမေရိကန်ဒေါ်လာ (၂) သန်းနှင့်အထက် ဖြစ်ရမည်။

(ခခ) လက်လီရောင်းချခြင်းဖြစ်ပါက ရောင်းချမည့် ကုန်ပစ္စည်းအပေါ် ကနဦးရင်းနှီးမြှုပ်နှံမှုငွေပမာဏသည် မြေငှားရမ်းခမပါ အမေရိကန်ဒေါ်လာ (၇) သိန်းနှင့်အထက် ဖြစ်ရမည်။

(၂) မြန်မာနိုင်ငံသား၏ တိုက်ရိုက်အစုရှယ်ယာပါဝင်မှုအချိုး (equity ratio) သည် ၂၀ ရာခိုင်နှုန်းအောက်ဖြင့် ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီဖြစ်ပါက အပိုဒ် ၅ (က) ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၆။ မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီသည် လက်လီ/လက်ကား ရောင်းချခြင်းလုပ်ငန်းကို ၎င်းတို့ရင်းနှီးမြှုပ်နှံနိုင်သည့် ကနဦးရင်းနှီးငွေပမာဏဖြင့် ဆောင်ရွက်နိုင်သည်။

**လိုက်နာရမည့်အချက်များ**

၇။ မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ၊ နိုင်ငံခြားသားအပြည့်အဝ ဆောင်ရွက်သည့် ကုမ္ပဏီနှင့် နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများသည် ပြည်တွင်းလက်လီ/ လက်ကားရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤစည်းကမ်းချက် ထုတ်ပြန်သတ်မှတ်သည့် နေ့ရက်နောက်ပိုင်းတည်ထောင်သော မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီ သို့မဟုတ် နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီသည် လက်လီ/ လက်ကားရောင်းချဖြန့်ဖြူးခွင့် လုပ်ငန်းမှတ်ပုံတင်ခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် အောက်ပါအထောက်အထားများနှင့်တကွ လျှောက်ထားရမည်-

(၁) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(၂) MIC ၏အတည်ပြုမိန့်(မိတ္တူ) ၊ MIC ၏ ခွင့်ပြုမိန့် (မိတ္တူ) ( MIC ၏ အတည်ပြုမိန့်ရယူရန် သတ်မှတ်ချက်အတွင်း အကျုံးဝင်သည့် နိုင်ငံခြားသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီများ)

(၃) သက်ဆိုင်ရာမြို့တော် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်ရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက်၊

(၄) လက်လီ/ လက်ကား ရောင်းချဖြန့်ဖြူးမည့် ကုန်ပစ္စည်းအုပ်စုစာရင်း၊

(၅) လက်လီ/ လက်ကား ရောင်းချဖြန့်ဖြူးမည့် ကနဦးရင်းနှီးမြှုပ်နှံမှုငွေပမာဏ၊ ရောင်းချမည့်တည်နေရာ၊ အကျယ်အဝန်းအစရှိသည့် လုပ်ငန်းဆောင်ရွက်မှု (Business Plan) အသေးစိတ် ဖော်ပြချက်။

(ခ) ဤစည်းကမ်းချက်ထုတ်ပြန်သတ်မှတ်သည့် နေ့ရက်မတိုင်မီ လက်လီ/ လက်ကား လုပ်ငန်းကို ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၇ သိန်းနှင့်အထက် သို့မဟုတ် ယင်းနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လျက်ရှိပြီးဖြစ်သည့် မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီများသည် ဤစည်းကမ်းချက် ထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှ ရက်ပေါင်း (၁၅၀) အတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် လက်လီ/လက်ကားလုပ်ငန်း မှတ်ပုံတင်ရန် အောက်ပါအထောက် အထားများနှင့်တကွ တင်ပြစာရင်းသွင်း မှတ်ပုံတင်ရမည် -

(၁) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(၂) လက်လီ/လက်ကားရောင်းချဖြန့်ဖြူးလျက်ရှိသည့်ကုန်ပစ္စည်းအုပ်စုစာရင်း၊

(၃) လက်လီ/လက်ကား ရောင်းချဖြန့်ဖြူးရာတွင် လည်ပတ်လျက်ရှိသည့် ရင်းနှီး မြှုပ်နှံမှုငွေပမာဏ၊ ရောင်းချသည့်တည်နေရာ၊ အကျယ်အဝန်းအစရှိသည့် လုပ်ငန်းဆောင်ရွက်မှု (Business Plan) အသေးစိတ် ဖော်ပြချက်။

(၄) ရောင်းချဖြန့်ဖြူးလျက်ရှိသည့် လုပ်ငန်းတစ်ခုထက်ပိုမိုပါက လုပ်ငန်းခွဲ အရေအတွက်နှင့် အဆိုပါ လုပ်ငန်းများတွင် ရောင်းချဖြန့်ဖြူးလျက်ရှိသည့် ကုန်ပစ္စည်းအုပ်စုစာရင်း၊ လုပ်ငန်းဆောင်ရွက်မှု (Business Plan) အသေးစိတ် ဖော်ပြချက်။

(ဂ) လက်လီ/လက်ကား ရောင်းချဖြန့်ဖြူးသည့် ကုမ္ပဏီများသည် နေပြည်တော်/ ရန်ကုန်/ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဒေသဆိုင်ရာအာဏာပိုင်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်ခွင့်ပြုထားသောတည်နေရာ၊ အကျယ်အဝန်းနှင့် ဆိုင်အရေအတွက်တို့နှင့်အညီ သတ်မှတ်နေ့ရက်နှင့် အချိန်အတွင်း ဖွင့်လှစ်ရောင်းချ ရမည်။

(ဃ) လက်လီ/လက်ကား ရောင်းချဖြန့်ဖြူးသည့် ကုမ္ပဏီများသည် စားသုံးသူပြည်သူများ အတွက် ဘေးကင်း၍ စံချိန်စံညွှန်းမီသော ကုန်ပစ္စည်းများနှင့် ဖြန့်ဖြူးခြင်းများ ဖြစ်စေရန်အတွက်လည်းကောင်း၊ ရောင်းချပြီးပစ္စည်းများအပေါ် အာမခံချက်နှင့် အညီ ဝန်ဆောင်မှုပေးရန်အတွက်လည်းကောင်း၊ ပတ်ဝန်းကျင်ကို ထိခိုက်နစ်နာခြင်း

မရှိစေရန်အတွက်လည်းကောင်း သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**တားမြစ်ချက်များ**

၈။ လက်လီ/လက်ကား ရောင်းချဖြန့်ဖြူးခွင့်ရသည့် မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ သို့မဟုတ် နိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီသည် တည်ဆဲဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် စည်းမျဉ်းများအရ ကန့်သတ်တားမြစ်ထားသော ကုန်ပစ္စည်းများကို လက်လီ/ လက်ကား ရောင်းချခြင်း မပြုရ။

၉။ နိုင်ငံခြားသားအပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီသည်လည်းကောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီသည်လည်းကောင်း ကြမ်းခင်းမြေ အကျယ်အဝန်း စတုရန်းမီတာ(၉၂၉) အောက်ရှိ မီနီမားကက်နှင့် Convenience Store အပါအဝင် လက်လီ ရောင်းချဖြန့်ဖြူးခြင်းကို မပြုလုပ်ရ။

၁၀။ လက်လီ/ လက်ကားရောင်းချဖြန့်ဖြူးသည့် မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ သို့မဟုတ် နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီသည် မြန်မာနိုင်ငံမှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်စည်နှင့် ရောင်းချသည့် ဝန်ဆောင်မှုလုပ်ငန်းတွင် မျှတခြင်းမရှိသော ယှဉ်ပြိုင်မှုများကို မပြုလုပ်ရ။

**သတ်မှတ်အခွန်အခများပေးဆောင်ခြင်း**

၁၁။ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးသည့် မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီ သိုမဟုတ် နိုင်ငံခြားသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ သို့မဟုတ် နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီသည် တင်သွင်း/ ဖြန့်ဖြူးရောင်းချရာတွင် အခွန်အခများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီထမ်းဆောင်ရမည်။

**စိစစ်ကြပ်မတ်ခြင်း**

၁၂။ အထက်ဖော်ပြပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ခြင်း ရှိမရှိကို လည်းကောင်း၊ ၎င်းတို့၏ လုပ်ငန်းအစီအစဉ် (Business Plan) ပါအတိုင်း ဆောင်ရွက်ခြင်း ရှိမရှိကို လည်းကောင်း၊ ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ပိုမိုတိုးတက်မှုရှိစေရေးအတွက် လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်၍ လိုအပ်သလိုစိစစ်ကြပ်မတ်သွားမည်ဖြစ်သည်။ ထိရောက်သော စိစစ်ကြပ်မတ်မှုကို ဆောင်ရွက်နိုင်ရေးအတွက် လက်လီ/ လက်ကားရောင်းချသူများမှ လိုအပ်သောအချက်အလက်၊ အထောက်အထားများ ပံ့ပိုး၍ ပူးပေါင်းဆောင်ရွက်ရမည်။

**အရေးယူခြင်း**

၁၃။ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးသည့် မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ သို့မဟုတ် နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီသည် ဤစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း မရှိဘဲ စည်းကမ်းသတ်မှတ်ချက်များကို ချိုးဖောက်ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားစာများဖြင့် ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်းများအရ အရေးယူခြင်းကို ခံရမည်။

၁၄။ လက်လီ/လက်ကားရောင်းချဖြန့်ဖြူးသည့် မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားသား အပြည့်အဝဆောင်ရွက်သည့်ကုမ္ပဏီ သို့မဟုတ် နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့်ကုမ္ပဏီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သော ဥပဒေ၊ စည်းမျဉ်းများအပြင် ဖြန့်ဖြူးရောင်းချခြင်း ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ အခြားတည်ဆဲဥပဒေ၊ စည်းမျဉ်းများကိုလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး လိုက်နာရန် ပျက်ကွက်ပါက သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ အရေးယူခြင်း ခံရမည်။

**အထွေထွေ**

၁၅။ ဤစည်းကမ်းချက်သည် လက်လီ/ လက်ကား ရောင်းချဖြန့်ဖြူးခြင်းကို ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီ၊ နိုင်ငံခြားသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီနှင့် နိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီ အားလုံးနှင့် သက်ဆိုင်စေရမည်။

၁၆။ သို့သော်လည်း ကနဦးရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ (၇) သိန်းနှင့်အောက် သို့မဟုတ် ယင်းနှင့် ညီမျှသော မြန်မာကျပ်ငွေဖြင့် လက်လီ/လက်ကားရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသား အပြည့်အဝဆောင်ရွက်သည့် ကုမ္ပဏီများအား ဤစည်းကမ်းချက် အပိုဒ်(၇) (က)ပါ လက်လီ/ လက်ကားရောင်းချဖြန့်ဖြူးခွင့်လုပ်ငန်းမှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည်။

၁၇။ လက်လီ/လက်ကား ရောင်းချဖြန့်ဖြူးခွင့်လုပ်ငန်း မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ အနေဖြင့် လုပ်ငန်းခွဲများကို ထပ်မံဖွင့်လှစ်ခြင်း/ တိုးချဲ့ဖွင့်လှစ်ခြင်းများပြုလုပ်ပါက ဖွင့်လှစ်ခြင်း မပြုမီ ရက်ပေါင်း (၃၀) အတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အသိပေး အကြောင်းကြားရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းခွဲများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဖွင့်လှစ် ရောင်းချရမည်။

၁၈။ လက်လီ/လက်ကား ရောင်းချဖြန့်ဖြူးခြင်းအတွက် စည်းကမ်းသတ်မှတ်ချက်များအား နိုင်ငံ၏ လိုအပ်ချက်အရ ပြုပြင်ပြောင်းလဲသတ်မှတ်သွားမည်။